
စိတ်ကူးချိုချိုအနုပညာ

# HENRY DUNANT



လူသားအကျိုးဆောင်
မဟာဟိတသမား

# ဟင်နရီဒူးနန့်

ခင်မျိုး
မြန်မာပြန်

mgyoe.com

mgyoe.com




ZM0012
800.00 KS

mgyoe.com

လူသားအကျိုးဆောင်ပရဟိတသမားဟင်နရီဒူးနန့်၊ ဇင်မျိုး
အပြင်အဆင်- ပြုံးပြုံးသန်း၊ စာမျက်နှာ ၄၇+ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# လူသားအကျိုးဆောင် ပရဟိတသမား ဟင်နရီဒူးနန့်

ဇင်မျိုး



ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

## အခန်း (၁)


မိတ်ဆက် ၂
- မျိုးရိုး ၃
- ရိဗေးလ် လှုပ်ရှားမှုနှင့် ဒူးနန့် ၅
- ဝိုင်အမ်စီအေ (YMCA) ၆
- အယ်ဂျီးရီးယားသို့ ၇
- တတိယမြောက် နပိုလီယန် ၉


## အခန်း (၂)


ဆိုဖာရီနိုတိုက်ပွဲ ၁၁
- ဆိုဖာရီနိုအမှတ်တရစာအုပ် ၁၂
- နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ ၁၄
- သဘောထားကွဲပြီ ၁၅
- အမေ့လျော့ခံ လူတစ်ဦး ၁၇
- ဂျနီဗာကို စွန့်ခွာခြင်း ၁၈
- နေရာစုံတွင် နေထိုင် ၂၁


mgyoe.com

mgyoe.com

အခန်း (၃)

ကြက်ခြေနီအဖွဲ့ကို တည်ထောင်သူ ၂၆
– နိုဘယ်ဆုချီးမြှင့်ခံရ ၂၉

အခန်း (၄)

အိုင်စီအာစီ ၃၅
– သမိုင်းကြောင်း ၃၅
– ဆောင်ရွက်ချက်များ ၃၈
– အန္တရာယ်များလာ ၃၉
– ဒူးနန့်၏ နောက်ဆုံးနေ့များ ၄၁
– ကွယ်လွန်ပြီးနောက် ၄၃
– ပြိုင်ဘက် ဂက်စတက်မွိုင်နီယာ ၄၃

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## အခန်း ၁
## မိတ်ဆက်

ဟင်နရီဒူးနန့်သည် နိုင်ငံတကာကြက်ခြေနီအဖွဲ့ကို ထူထောင်ခဲ့သူဖြစ်သည်။ သူသည် နိုဘယ်ဆုကို ပထမဦးဆုံး ချီးမြှင့်ခံရသူဖြစ်သည်။ ၁၈၆၄ ဂျနီဗာကွန်ဗန်းရှင်းသည် သူ၏အတွေးအခေါ်များကို အခြေခံခဲ့သည်။ ၁၉၀၁ ခုနှစ်တွင် ပထမဦးဆုံးနိုဘယ်ဆုကို ဖရက်ဒရစ်ပက်ဆေးနှင့်အတူ လက်ခံရရှိခဲ့ရာ သူသည် ပထမဦးဆုံးနိုဘယ်ဆုရ ဆွစ်ဇာလန်လူမျိုးဖြစ်လာသည်။

ဟင်နရီဒူးနန့်သည် စီးပွားရေးလုပ်ငန်းရှင်ဖြစ်သည်။ လူမှုရေးတက်ကြွလှုပ်ရှားသူဖြစ်သည်။ ၁၈၅၉ ခုနှစ်တွင် လုပ်ငန်းတာဝန်အရ အီတလီကို ခရီးထွက်ခဲ့ရ၏။ ခေတ်သစ်အီတလီတွင် ဆိုဖာရီနိုတိုက်ပွဲဖြစ်ပွားအပြီး စစ်ပွဲမြင်ကွင်းကို မျက်မြင်ကြုံတွေ့ခဲ့ရသည်။ စိတ်ထိခိုက်ဖွယ် ဆိုဖာရီနိုတိုက်ပွဲကို သူသည် မှတ်တမ်းတင်ခဲ့သည်။ ထိုအတွေ့အကြုံများကို စာအုပ်ရေးသည်။ ထိုစာအုပ်မှာ "ဆိုဖာရီနို အမှတ်တရ" ဆိုသော စာအုပ်ဖြစ်သည်။ ဆိုဖာရီနို အတွေ့အကြုံမှတစ်ဆင့် သူသည် နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ကို ဖန်တီးရန် စိတ်ကူးရရှိခဲ့ခြင်းဖြစ်သည်။

mgyoe.com

mgyoe.com




အီတလီ ဆိုဖာရီနိုတိုက်ပွဲ

၁၈၆၃ ခုနှစ်တွင် သူသည် အိုင်စီအာစီခေါ် နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ကို ထူထောင်ခဲ့သည်။ ထို့ကြောင့် ဟင်နရီဒူးနန့်သည် ကြက်ခြေနီဖခင်ကြီးပင်ဖြစ်ပါသည်။

နာမည်အရှည်အားဖြင့် ဂျင်းဟင်နရီဒူးနန့်ဟုခေါ်သော ဟင်နရီဒူးနန့်သည် ၁၈၂၈ ခုနှစ်၊ မေ ၈ ရက်နေ့တွင် မွေးသူဖြစ်သည်။ ၁၉၁၀ ခုနှစ်၊ အောက်တိုဘာလ ၃၀ တွင် ကွယ်လွန်သည်။ မွေးရာဇာတိမှာ ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့ဖြစ်သည်။ အသက် ၈၂ နှစ်အရွယ်တွင် သူသည် ဆွစ်ဇာလန်နိုင်ငံ ဟေဒင်တွင် ကွယ်လွန်သည်။

## မျိုးရိုး

ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တွင် မွေးသူဟင်နရီဒူးနန့်သည် စီးပွားရေးလုပ်ငန်းရှင် ဂျင်းယက်ကေးဒူးနန့်နှင့် အန်တွိုင်းဒူးနန့်ကိုလာဒင်တို့၏

mgyoe.com

mgyoe.com




ပရဟိတသမား ဟင်နရီဒူးနန့် ငယ်ဘဝ (၁၈၅၅)

သားဦးဖြစ်သည်။ သူ၏မိသားစုမှာ ကယ်ဗင်ဝါဒီများဖြစ်သည်။ ဂျွန် ကယ်ဗင်နှင့် အခြားသော ပြုပြင်ပြောင်းလဲရေးခေတ်က ဘာသာဗေဒ ပညာရှင်များ၏ ခရစ်ယာန်ကိုးကွယ်မှု ပုံစံတစ်မျိုးဖြစ်၍ ၎င်းဝါဒမှာ ပရိုတက်စတင့် အမိကဂိုဏ်းခွဲတစ်ခုဖြစ်သည်။ ခရစ်ယာန်ဘာသာ ကိုး ကွယ်ရာတွင် ပြုပြင်ပြောင်းလဲထားသော ကိုးကွယ်မှုပုံစံကို ဖန်တီးခဲ့သည့် ဂျွန်ကယ်ဗင်၏အယူဝါဒကို လိုက်နာသူများအား ကယ်ဗင်ဝါဒီများဟု ခေါ်သည်။ ထို့ကြောင့် ဒူးနန့်၏မိသားစုဝင်များသည် ကယ်ဗင်ဝါဒကို သက်ဝင်ယုံကြည်သော ကယ်ဗင်ဝါဒီများဖြစ်လေသည်။

ဒူးနန့်မိသားစုမှာ ဂျနီဗာ လူ့အဖွဲ့အစည်းတွင် ထူးထူးခြားခြား ဩဇာလွှမ်းမိုးခဲ့သည်။ သူ၏မိဘများသည် လူမှုရေးအလုပ်ကို တန်ဖိုး

mgyoe.com

mgyoe.com


ထားကြသည်။ ဒူးနန့်၏ဖခင်မှာ မိဘမဲ့ကလေးများနှင့် ပြစ်ဒဏ်မစေ့မီ ခံဝန်ဖြင့် ထွက်လာသော အကျဉ်းသားများကို တက်တက်ကြွကြွကူညီခဲ့သည်။ ယင်းသို့ ဒူးနန့်၏ဖခင်က လူမှုရေးအလုပ်များကို တက်ကြွစွာ လုပ်ဆောင်နေစဉ် မိခင်ဖြစ်သူကလည်း နာမကျန်းသူများ၊ ဆင်းရဲသားများကို ကူညီခဲ့သည်။ ဖခင်မှာ အကျဉ်းထောင်တွင်လည်းကောင်း၊ မိဘမဲ့ဂေဟာတွင်လည်းကောင်း အကူအညီပေးခဲ့လေသည်။ ဒူးနန့်တို့မိသားစုမှာ ပရဟိတသမားများပင်ဖြစ်သည်။ သူတစ်ပါးကို ရိုင်းပင်းကူညီတတ်သော မိဘမျိုးရိုးမှ ဆင်းသက်လာသော ဒူးနန့်တွင်လည်း ပရဟိတစိတ်ဓာတ်ပါလာသည်မှာ မထူးဆန်းတော့ပေ။

## ရီဗေးလ် လှုပ်ရှားမှုနှင့် ဒူးနန့်

ဒူးနန့်သည် ရီဗေးလ်ဟုခေါ်သည့် ဘာသာရေး အသိအမြင်နိုးကြားသော ကာလတွင် ကြီးပြင်းခဲ့ရသူဖြစ်သည်။ ထိုစဉ်က ဘာသာရေးအသိအမြင် နိုးကြားမှုဆိုသည်မှာလည်း ၁၈၁၄ တွင် ပေါ်ပေါက်ခဲ့သည့် ဆွစ်ဇာလန်နှင့် အနောက်ပိုင်းနှင့် ပြင်သစ်တောင်ပိုင်းတို့မှ ဆွစ်ပြုပြင်ပြောင်းလဲရေး ခရစ်ယာန်ဂိုဏ်းတွင် ပြန်လည်ဖော်ထုတ်ရေးလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် ဘာသာရေးကို ပြန်လည်ဖော်ထုတ်သည့် ရီဗေးလ်ကာလတွင် ဒူးနန့်သည် အသက် ၁၈ နှစ်မျှသာ ရှိပါသေးသည်။

အဆိုပါ ရီဗေးလ်လှုပ်ရှားမှုဂယက်သည် ဆွစ်ဇာလန်နှင့် ဂျနီဗာလူ့အဖွဲ့အစည်းအပေါ်များစွာ သြဇာသက်ရောက်ခဲ့သည်။ ဆယ်ကျော်သက်အရွယ်မျှသာ ရှိသေးသော ဟင်နရီဒူးနန့်သည် ရီဗေးလ်လှုပ်ရှားမှုများတွင် အချိန်ကိုက်အရွယ်ရောက်လာသူဖြစ်၍ သူသည် လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လေသည်။ ပေးကမ်းစွန့်ကြဲမှုများပြုလုပ်သည့် ဂျနီဗာလူ့အဖွဲ့အစည်းဆိုသော အဖွဲ့ကို သူသည် ဝင်ရောက်

mgyoe.com

mgyoe.com


ခဲ့သည်။ ယင်းအဖွဲ့တွင် တစ်နှစ်ကြာ ဝင်ရောက်ဆောင်ရွက်ခဲ့ပြီးနောက် ဟင်နရီဒူးနန့်သည် သူငယ်ချင်းများနှင့် ပူးပေါင်းကာ ကြာသပတေး အစည်းအရုံး (Thursday Association) ကို တည်ထောင်ခဲ့သည်။ ကြာသပတေးအစည်းအရုံး၏ ရည်ရွယ်ချက်မှာ ဘာသာရေးအပေါ် လျော့တိလျော့ရဲ ဖြစ်နေသော လူငယ်များကို စုစည်း၍ သမ္မာကျမ်းစာကို လေ့လာစေခြင်း၊ ဆင်းရဲသားများကို ကူညီခြင်းဟူ၍ဖြစ်သည်။ ဟင်နရီ ဒူးနန့်သည် မိမိ၏ အားလပ်ချိန်အများစုကို အကျဉ်းထောင်များကို သွား ရောက်ခြင်း၊ လူမှုရေးအလုပ်များကို လုပ်ကိုင်ခြင်းတို့၌သာ ကုန်ဆုံးစေ ခဲ့သည်။

## ဝိုင်အမ်စီအေ (YMCA)

လူမှုရေးအလုပ်များတွင် အချိန်နှစ်မြှုပ်ထားသော ဟင်နရီဒူးနန့် သည် "ကြာသပတေးအစည်းအရုံး" ထက် ပိုမိုကြီးမားကျယ်ပြန့်သော အသင်းအဖွဲ့တစ်ခုကို ထူထောင်ရန် စိတ်ကူးရှိခဲ့သည်။ အခွင့်အရေး ပေးလာပါက ပိုမိုတောင့်တင်းသော အသင်းအဖွဲ့ကို ထူထောင်ရန် အမြဲ တမ်း စိတ်ကူးထားခဲ့၏။ ထို့ကြောင့် ၁၈၅၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ တွင် သူသည် ဝိုင်အမ်စီအေခေါ် လူငယ်ခရစ်ယာန်အစည်းအရုံးကို တည် ထောင်ခဲ့သည်။ ယင်းဝိုင်အမ်စီအေ (YMCA) အစည်းအရုံးသည် ဂျနီဗာအသင်းတော်ဖြစ်သည်။ သုံးနှစ်အကြာ ၁၈၅၅ ခုနှစ်တွင် ဟင်နရီ ဒူးနန့်သည် ပါရီအစည်းအဝေးကို တက်ရောက်ခဲ့သည်။ ယင်းပါရီ အစည်းအဝေးသည် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုကို ထူထောင် ရန် ကျင်းပသော အစည်းအဝေးဖြစ်သည်။

လူမှုရေးအလုပ်များကို အချိန်ပေးခဲ့ရ၍ ကျောင်းစာဘက်တွင် မထူးချွန်တော့ပေ။ ထို့ကြောင့် ဟင်နရီဒူးနန့်သည် အသက် ၂၁ နှစ်

mgyoe.com

mgyoe.com




ရှေးခေတ်ဟောင်းက ကြက်ခြေနီယာဉ်တစ်စီး

အရွယ် ၁၈၄၉ တွင် ကယ်ဗင်ကောလိပ်ကနေ ထွက်ခဲ့ရတော့သည်။ ကျောင်းစာညံ့သောကြောင့် ကောလိပ်က ထွက်ခဲ့ရတာဖြစ်သည်။ ကောလိပ် မတက်ရတော့သော ဟင်နရီဒူးနန့်သည် အလုပ်ရှာရတော့သည်။

ငွေလဲလှယ်သောလုပ်ငန်းများ လုပ်ကိုင်သည့် Lullin & Sautter တွင် အလုပ်သင်အဖြစ်ဝင်ရောက်လုပ်ကိုင်သည်။ အလုပ်သင်အဖြစ် အကောင်းဆုံး လုပ်ပြနိုင်ခဲ့ပြီးနောက် ဟင်နရီဒူးနန့်သည် Lullin & Sautter ဘဏ်တွင် ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရသည်။

## အယ်ဂျီးရီးယားသို့

၁၈၅၃ တွင် ဒူးနန့်သည် ကုမ္ပဏီ၏အလုပ်တာဝန်ဖြင့် ခရီးထွက်ခဲ့ရသည်။ အယ်ဂျီးရီးယား၊ တူနီးရှား၊ စစ္စလီတို့ကို ခရီးထွက်ခဲ့ရခြင်းဖြစ်သည်။ အယ်ဂျီးရီးယားနိုင်ငံ ဆေတစ်ပြည်နယ်ရှိ ဆေတစ်မြို့ကို

mgyoe.com

mgyoe.com


လည်း သွားခဲ့ရသည်။ ဒူးနန့်သည် အတွေ့အကြုံအနည်းငယ်သာ ရှိသော်လည်း ပေးအပ်သော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သည်။

ခရီးစဉ်သည် အောင်မြင်မှုရခဲ့သည်။ ထို့ကြောင့် ဒူးနန့်သည် ခရီးသွား အတွေ့အကြုံကို အခြေခံသောစာအုပ်ကို စတင်ရေးသားသည်။ သူသည် ကျူးနစ်ဘုရင်ခံနယ်ဆိုသော စာအုပ်ကို ၁၈၅၈ တွင် ထုတ်ဝေသည်။ ထိုစာအုပ်မှာ သူ၏ပထမဦးဆုံးစာအုပ်ဖြစ်သည်။

၁၈၁၆ တွင် နိုင်ငံခြားကိုလိုနီနယ်များတွင် လုပ်ကိုင်မည့်စီးပွားရေးလုပ်ငန်းကို စတင်ခဲ့သည်။ ပြင်သစ်သိမ်းပိုက်ထားသော အယ်ဂျီးရီးယားနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်ရန် မြေကွက်ခွင့်ပြုချက်ရရှိခဲ့ပြီးနောက် ဒူးနန့်သည် အယ်ဂျီးရီးယားတွင် စီးပွားရေးလုပ်ငန်းကို စတင်တော့သည်။ သူသည် အယ်ဂျီးရီးယားတွင် ပြောင်းဖူးစိုက်သည်။ ထို့အပြင် ဘဏ္ဍာရေးနှင့် စက်မှုကုမ္ပဏီဖြစ်သော မွန်းစ်ဂျမီလာမေးလ်ကိုလည်း စတင်ခဲ့ရာ ထိုကုမ္ပဏီမှာ သူ၏ ကုန်သွယ်ရေးကုမ္ပဏီဖြစ်လာလေသည်။

အယ်ဂျီးရီးယားတွင် လုပ်ငန်းများ အဆင်မပြေခဲ့ပေ။ သက်ဆိုင်ရာအာဏာပိုင်များက မြေနှင့်ရေအသုံးချခွင့်ကို တိကျပြတ်သားစွာ ချထားပေးခြင်း မရှိခဲ့ပေ။ ပြင်သစ်ကိုလိုနီအာဏာပိုင်များသည် ဒူးနန့်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း မရှိခဲ့ကြပေ။ ထို့ကြောင့် ဒူးနန့်သည် ပြင်သစ်ဧကရာဇ် တတိယမြောက် နပိုလီယန်ကို တိုက်ရိုက်အသနားခံရန် ဆုံးဖြတ်လိုက်သည်။ ထိုအချိန်က တတိယမြောက် နပိုလီယန်သည် အီတလီနိုင်ငံ လွန်ဘာဒီနယ်တွင် သူ၏စစ်တပ်နှင့် အတူရှိနေသည်။ ပြင်သစ်သည် ပီးဒမွန့် – ဆာဒါးနီးယား တောင်ကြောတွင် ဩစတြီးယားတို့နှင့်တိုက်ခိုက်လျက်ရှိသည်။ ထိုစဉ်က ဩစတြီးယားသည် ယနေ့ခေတ် အီတလီ၏ နေရာအများစုကို သိမ်းပိုက်ထားသည်။ နပိုလီယန်၏ ဌာနချုပ်များသည် အီတလီမြို့ငယ်တစ်မြို့ဖြစ်သည့် ဆိုဖာရီနိုတွင်

mgyoe.com

mgyoe.com



ရှိနေသည်။ ဒူးနန့် သည် နပိုလီယန်ကို ချီးမြှောက်ထားသည့်စာအုပ်ကို ရေး၍ ထိုစာအုပ်ကို လက်ဆောင်အဖြစ် ပေးလိုနေပေသည်။ ထို့ကြောင့် ဟင်နရီဒူးနန့်သည် နပိုလီယန်ကို လူချင်း တွေ့ရအောင် ဆိုဖာရီနိုသို့ သွားလေသည်။

## တတိယမြောက် နပိုလီယန်

တတိယမြောက် နပိုလီယန်သည် ပထမနပိုလီယန်၏တူဖြစ်၍ နပိုလီယန်၏နန်းမွေကို ဆက်ခံရသူဖြစ်သည်။ တတိယမြောက် နပိုလီယန်သည် ဒုတိယမြောက်ပြင်သစ်သမ္မတနိုင်ငံ (၁၈၄၈–၁၈၇၃ ဇန်နဝါရီ) ၏ တစ်ဦးတည်းသော သမ္မတနှင့် ၎င်းနိုင်ငံတော်၏ ဧကရာဇ် (၁၈၅၂–၁၈၇၀) ဖြစ်သည်။ သူသည် ပြည်သူ့ဆန္ဒမဲဖြင့် ရွေးကောက်ခံရသည့် ပထမဦးဆုံး ပြင်သစ်သမ္မတဖြစ်သည်။ ဒုတိယသမ္မတအဖြစ် ဝင်ရောက်အရွေးခံရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်က သူ့အား တားဆီးခဲ့သောကြောင့် သူသည် ၁၈၅၁ ခုနှစ်တွင် အာဏာသိမ်းခဲ့သည်။ ၁၈၅၂ ဒီဇင်ဘာတွင် ပထမနပိုလီယန်၏ ထီးနန်းသက် ၄၈ နှစ်ပြည့်နှစ်ပတ်လည်နေ့တွင် သူက တတိယမြောက်နပိုလီယန်အဖြစ် နန်းတက်ခဲ့သည်။ သူသည် ပြင်သစ်တော်လှန်ရေးပြီးကတည်းက ပြင်သစ်နိုင်ငံ၏အကြီးအကဲအဖြစ် သက်တမ်းအကြာဆုံး ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

တတိယမြောက် နပိုလီယန်သည် ပြင်သစ်ဘဏ်စနစ်ကို ခေတ်မီအောင် ဆောင်ရွက်ပေးခဲ့ပြီး၊ ပြင်သစ်မီးရထားစနစ်ကိုပါ အကြီးအကျယ် တိုးချဲ့ပေးခဲ့သည်။

■

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# အခန်း ၂
# ဆိုဖာရီနိုတိုက်ပွဲ

ဆိုဖာရီနိုတိုက်ပွဲ (အီတလီတို့က ၎င်းတိုက်ပွဲကို ဆိုဖာရီနိုနှင့် ဆန်မာတီနိုတိုက်ပွဲဟုခေါ်) သည် ၁၈၅၉ ခုနှစ်၊ ဇွန် ၂၄ ရက်နေ့တွင် ဖြစ်ပွားသော တိုက်ပွဲဖြစ်သည်။ တတိယမြောက် နပိုလီယန် ဦးဆောင်သော ပြင်သစ်စစ်တပ်နှင့် ဒုတိယမြောက်ဗစ်တာအမ်မန်နျူရယ် ဦးဆောင်သော ဆာဒါးနီးယန်း စစ်တပ်တို့ ပူးပေါင်းထားသည့် ဖရန်ကို–ဆာဒါးနီးယန်းမဟာမိတ်တပ်တို့ အောင်ပွဲရခဲ့သော တိုက်ပွဲဖြစ်သည်။ သူတို့သည် ဩစတြီးယားဧကရာဇ် ဖရန့်ဇ်ဂျိုးဆက် (I) ဦးဆောင်သော ဩစတြီးယားစစ်တပ်ကို အနိုင်ရခဲ့သည်။

ဤတိုက်ပွဲသည် ကမ္ဘာ့သမိုင်းတွင် ဧကရာဇ်ဘုရင်တို့၏ နောက်ဆုံးတိုက်ပွဲလည်းဖြစ်သည်။ အရေးပါသော တိုက်ပွဲတွင် စစ်သည် ၃၀၀၀၀၀ ပါဝင်တိုက်ခိုက်ခဲ့ကြသဖြင့် ၁၈၁၃ လစ်ပဇစ်တိုက်ပွဲနောက်ပိုင်း အကြီးမားဆုံးတိုက်ပွဲဖြစ်သည်။ ဩစတြီးယားစစ်သား ၁၃၀၀၀၀ ခန့်နှင့် ပြင်သစ်နှင့် ပီးဒ်မွန့်တပ်သား ၁၄၀၀၀၀ ခန့် ပါဝင်တိုက်ခိုက်ခဲ့ကြသည်။

ဒူးနန့်သည် ၁၈၅၉ ခုနှစ်၊ ဇွန် ၂၄ ရက်နေ့ ညနေခင်းတွင် ဆိုဖာရီနို

mgyoe.com

mgyoe.com



မြို့ကို ရောက်ရှိသွားခဲ့သည်။ သူရောက်သောနေ့တွင် ဆိုဖာရီနိုတိုက်ပွဲဖြစ်ပွားသည့်နေ့နှင့် တိုက်ဆိုင်နေသည်။ စစ်မြေပြင်တွင် ဒဏ်ရာရသူတွေ၊ သေဆုံးနေသူတွေ၊ သေအံ့မူးမူးဖြစ်နေသူတွေ ပြည့်နေသည်။ ဒဏ်ရာရရှိထားသူ တစ်သောင်းကိုးထောင်ကျော်ရှိပြီး ပြင်သစ်နှင့် ဆာဒါးနီးယားတို့ဘက်မှ ၂၂၀၉ ဦးကျဆုံးခဲ့ပြီး ဩစတြီးယားတို့ဘက်မှ ၂၃၈၆ ဦးကျဆုံးခဲ့သည်။

စစ်မြေပြင်က မြင်ကွင်းကို အံ့အားသင့်နေသော ဒူးနန့်သည် စစ်ပွဲတွင် ဒဏ်ရာရရှိထားသူများကို ကူညီလိုသည်။ ပြုစုစောင့်ရှောက်သူမရှိသလောက် ဖြစ်နေသော ဆိုဖာရီနိုစစ်မြေပြင်သို့ ဒူးနန့်က အမျိုးသမီးများ၊ မိန်းကလေးများကို စည်းရုံးခေါ်ယူစစ်သည်များကို ကုသပေးသည်။ သို့ရာတွင် သူတို့၌လိုအပ်သော ထောက်ကူပစ္စည်းများ မရှိပေ။ နာမကျန်းသူများ၊ ဒဏ်ရာရထားသူများကို ကုသနိုင်လောက်သည့် ပစ္စည်းပစ္စယအလုံအလောက်မရှိပေ။ ထို့ကြောင့် ဒူးနန့်သည် လိုအပ်သော ပစ္စည်းများကို ကိုယ်တိုင်ဝယ်ယူကာ ယာယီဆေးရုံတစ်ခုကိုပါ ကူညီထူထောင်ခဲ့သည်။ သူသည် တိုက်ပွဲတွင် ဒဏ်ရာရသူများကို ကုသပေးရာ၌ သူ့ဘက် ကိုယ့်ဘက်မခွဲဘဲ အားလုံးသည် ညီအစ်ကိုများဖြစ်သည်ဟူသော ဆောင်ပုဒ်ဖြင့် ကုသပေးလေသည်။ ထို့အပြင် သူသည် ပြင်သစ်တို့ဖမ်းဆီးထားသော ဩစတြီးယားဆရာဝန်များ လွတ်မြောက်အောင်လည်း အကူအညီပေးခဲ့လေသည်။

## ဆိုဖာရီနိုအမှတ်တရစာအုပ်

ထိုနှစ် ဇူလိုင်လတွင် ဟင်နရီဒူးနန့်သည် ဂျနီဗာကို ပြန်လည်ရောက်ရှိလာခဲ့သည်။ ဆိုဖာရီနိုမြို့ကို သွားခဲ့သည့်ခရီးနှင့် ဆိုဖာရီနိုတိုက်ပွဲအကြောင်းကို အတွေ့အကြုံအခြေခံ၍ စာအုပ်တစ်အုပ်ရေးရန်

mgyoe.com




**ဟင်နရီဒူးနန့် ရေးသည့် ဆိုဖာရီနို အမှတ်တရစာအုပ်**

သူသည် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် "ဆိုဖာရီနို အမှတ်တရ" စာအုပ်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ စာအုပ်ကို ၁၈၆၂ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ အုပ်ရေ ၁၆၀၀ ထုတ်ဝေခဲ့ပြီး ကုန်ကျစရိတ်များကို ဒူးနန့်ကိုယ်တိုင်ကျခံခဲ့သည်။ အဆိုပါစာအုပ်တွင် သူသည် ဆိုဖာရီနို တိုက်ပွဲအကြောင်းကို သရုပ်ဖော်ရေးသားခဲ့သည်။ စစ်ပွဲအတွက် ကုန်ကျစရိတ်၊ စစ်ပွဲအပြီး ဝရန်းသုန်းကား အခြေအနေများကိုလည်း ရေးသားခဲ့သည်။ ဒဏ်ရာရရှိထားသော စစ်သားများကို စောင့်ရှောက်ပေးရန် ကြားခံအဖွဲ့အစည်းတစ်ခု ထူထောင်ရမည်ဟူသော စိတ်ကူးကို ရရှိခဲ့သည်။ သူသည် စာအုပ်ကို ဥရောပတိုက်ရှိ ထိပ်တန်းနိုင်ငံရေးသမားများ၊ စစ်ခေါင်းဆောင်များကို ဖြန့်ဝေခဲ့သည်။

ဒူးနန့်သည် မိမိ၏စိတ်ကူးများကို ကြော်ငြာရန် ဥရောပတစ်လွှား ခရီးသွားခြင်းကို စတင်လေသည်။ သူ၏စာအုပ်မှာ အပြုသဘော တုံ့ပြန်

mgyoe.com

mgyoe.com

မှ ရရှိခဲ့သည်။ ဂျနီဗာလူ့အဖွဲ့အစည်း၏ ပြည်သူ့ရေးရာဌာနဥက္ကဋ္ဌဖြစ်သူ တရားသူကြီးဂက်စတက်မွိုင်နီယာက စာအုပ်ကို အကြံပြု၍ ဂျနီဗာ လူအဖွဲ့အစည်းဆိုသော အဖွဲ့၏ ၁၈၆၃ ဖေဖော်ဝါရီ ၉ ရက်နေ့ အစည်းအဝေးတွင် ဆွေးနွေးမည့်အကြောင်းအရာမှာ ဒူးနန့်စာအုပ်ထဲက အတိုင်း ဖြစ်သည်ဟုဆိုလာသည်။ အဖွဲ့ဝင်များက ဒူးနန့်၏အကြံပြုချက်များကို လေ့လာဆန်းစစ်ကြသည်။ သူတို့သည် ဒူးနန့်၏ အကြံပြုချက်များကို အပြုသဘောတုံ့ပြန်ခဲ့ကြသည်။

## နိုင်ငံတကာ ကြက်ခြေနီအဖွဲ့

Geneva Society လူမှုရေးအဖွဲ့သည် ဒူးနန့်၏စာအုပ်ထဲက ရေးသားအကြံပြုချက်များကို အကြိုက်တွေ့ကြသဖြင့် မကြာခင်အဖွဲ့ဝင်များသည် အစည်းအဝေး ထိုင်ကြသည်။ ဒူးနန့်၏စိတ်ကူးများကို လက်တွေ့ အကောင်အထည်ဖော်၍ ရနိုင်၊ မရနိုင် လေ့လာကြသည်။ သူတို့သည် ဂျနီဗာလူမှုရေးအဖွဲ့ဝင်များပါသည့် ၅ ဦးကော်မတီကို ဖွဲ့လိုက်

ICRC

နိုင်ငံတကာ
ကြက်ခြေနီတစ်ဖွဲ့
အမှတ်တံဆိပ်

mgyoe.com

mgyoe.com


ကြသည်။ ၅ ဦးကော်မတီသည် ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များ၏ အလားအလာကို လေ့လာဆန်းစစ်ကြမည်ဖြစ်သည်။ သူတို့သည် အဆိုပါ ၅ ဦးကော်မတီတွင် ဟင်နရီဒူးနန့်ကိုလည်း ထည့်သွင်းခဲ့ကြသည်။ ထို့ကြောင့် ၅ ဦး ကော်မတီတွင် မွိုင်နီယာ၊ ဆွစ်ဇာလန်ကြည်းတပ်ဗိုလ်ချုပ်ဟင်နရီဒူဖိုး၊ ဆရာဝန်များဖြစ်သော လူးဝစ်အပီးယားနှင့် သီယိုဒိုမော်နွားတို့လည်း အသီးသီးပါဝင်ခဲ့ကြသည်။ သူတို့သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ကို ဖွဲ့စည်းမည့် ရက်အား သတ်မှတ်ရန် ၁၈၆၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်နေ့သည် ပထမဦးဆုံး အစည်းအဝေးကိုခေါ်ယူလိုက်ရာ ထိုနေ့သည်ပင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့တည်ထောင်သည့်နေ့ဟု ဆိုနိုင်ပေသည်။

## သဘောထားကွဲပြီ

နိုင်ငံတကာကြက်ခြေနီအဖွဲ့ကို တရားဝင်မဖွဲ့ရသေးခင် ၅ ဦးကော်မတီတွင် သဘောထား မတိုက်ဆိုင်မှုသည် စောစောစီးစီးဖြစ်လာသည်။ ရည်မှန်းချက်များ၊ ဦးတည်ချက်အမြင်များနှင့် ပတ်သက်၍ မွိုင်နီယာနှင့် ဟင်နရီဒူးနန့်တို့သည် သဘောထားမတိုက်ဆိုင်ဖြစ်လာခဲ့သည်။

လူနာစောင့်များအတွက် အကာအကွယ်ပေးမည့်အဖွဲ့များကို ဖွဲ့စည်းမည်ဆိုသော ဒူးနန့်၏စိတ်ကူးများကို မွိုင်နီယာက လက်တွေ့မကျဟု ဆိုသည်။ ထိုစိတ်ကူးအတိုင်း ဆက်မလုပ်ရန်လည်း ဒူးနန့်ကို မွိုင်နီယာက ပြောသည်။ သို့ရာတွင် ဒူးနန့်သည် မွိုင်နီယာ၏အကြံပြုချက်များကို အရေးမစိုက်ပေ။ လူနာစောင့်များ၊ ဒဏ်ရာရထားသူများကို အကူအညီပေးနေသူများအတွက် အဖွဲ့အစည်းတစ်ခုကို ထူထောင်မည့် စိတ်ကူးအား နိုင်ငံရေးနှင့် စစ်ရေးနယ်ပယ်မှ ထိပ်တန်းပုဂ္ဂိုလ်များ သိအောင် ဒူးနန့်ကြိုးစားသည်။ ထို့ကြောင့် သူသည် ခရီးများများထွက်ခဲ့သည်။

mgyoe.com

mgyoe.com

ဤသို့ ဒူးနန့်က အားသွန်ခွန်စိုက်ဆောင်ရွက်နေခြင်းကို မွိုင်နီယာက သဘောမတွေ့ပေ။ သူတို့နှစ်ဦးမှာ အတွေးအခေါ်ခြင်း ဆန့်ကျင်နေကြသည်။ သဘောထားမတိုက်ဆိုင်မှုသည် ပိုမိုပြင်းထန်လာခဲ့သည်။ မွိုင်နီယာသည် လက်တွေ့ကျကျ လုပ်လို၏။ ၅ ဦးကော်မတီတွင် အတွေးအမြင်အကောင်းဆုံး ပုဂ္ဂိုလ်ဖြစ်သော ဒူးနန့်သည် မွိုင်နီယာနှင့် အပြိုင်အဆိုင် ဖြစ်လာခဲ့သည်။ မွိုင်နီယာသည် ၅ ဦး ကော်မတီတွင် ဒူးနန့်ကို ဦးဆောင် တိုက်ခိုက်သည်။ ၅ ဦးကော်မတီတွင် မွိုင်နီယာသည် ခေါင်းဆောင်ဖြစ်ရန် ကြိုးပမ်းလာသည်။

ဤသို့သော အခင်းအကျင်းတွင် ဒဏ်ရာရထားသော စစ်သားများကို ပြုစုစောင့်ရှောက်မှုတိုးတက်ကောင်းမွန်စေရန် ၅ ဦးကော်မတီက




ဟင်နရီဒူးနန့်ပါဝင်သည့် နိုင်ငံတကာကြက်ခြေနီ ငါးဦးကော်မတီ

mgyoe.com

mgyoe.com


စီစဉ်သော ဂျနီဗာအစည်းအဝေးကို ၁၈၆၃ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့ရာ ပြည်နယ် ၁၄ ခုက ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ မွိုင်နီယာသည် သူ့ကိုယ်သူ မှေးမှိန်အောင် လုပ်ဆောင်လာသည့် ကြိုးပမ်းမှုများကြောင့် အစည်းအဝေးကို ဒူးနန့်က ဦးဆောင်ကျင်းပခဲ့လေသည်။ တစ်နှစ်အကြာ ၁၈၆၄ ခုနှစ်၊ ဩဂုတ် ၂၂ ရက်နေ့တွင် ဆွစ်ဇာလန်ပါလီမန်က စီစဉ်သော သံတမန်နှီးနှောဖလှယ်ပွဲသည် ပြည်နယ် ၁၂ ခုပါဝင်သည့် ပထမဦးဆုံးဂျနီဗာကွန်ဗန်းရှင်းကို လက်မှတ်ရေးထိုးနိုင်စေခဲ့၏။ ဤတစ်ကြိမ်တွင်လည်း အခမ်းအနားသို့ တက်ရောက်လာသူများကို ဒူးနန့်ကပင် နေရာထိုင်ခင်းစီစဉ်ပေးခဲ့ရလေသည်။

## အမေ့လျော့ခံ လူတစ်ဦး

ဒူးနန့်သည် လူမှုရေးအလုပ်များကို စူးစိုက်ဆောင်ရွက်နေသောကြောင့် စီးပွားရေးလုပ်ငန်းများကို ပစ်ထားသလို ဖြစ်နေခဲ့သည်။ အထူးသဖြင့် ပြင်သစ်ကိုလိုနီ အယ်ဂျီးရီးယားရှိ ဒူးနန့်၏ စီးပွားရေးလုပ်ငန်းများသည် အခြေအနေဆိုးရွားနေသည်။ ၁၈၆၇၊ ဧပြီလတွင် ခရက်ဒစ်ဂျနီဗွိုက်ဆိုသော ဘဏ္ဍာရေးလုပ်ငန်း ဒေဝါလီခံရမည်ဆိုသော သတင်းတွင် ဒူးနန့်၏နာမည်သည် ထိပ်ဆုံးကပါဝင်နေသည်။ ဒေဝါလီခံရာတွင် မရိုးသားသောနည်းများကို အသုံးပြုသည်ဟုဆိုကာ ၁၈၆၈ ခုနှစ်၊ ဩဂုတ် ၁၇ တွင် ဂျနီဗာကုန်သွယ်ရေးတရားရုံးက ဒူးနန့်ကို ပြစ်တင်ရှုတ်ချကာ လုပ်ငန်းကို ဒေဝါလီခံကြောင်း အတင်းအကျပ် ကြေညာစေခဲ့၏။ ခရစ်ဒစ်ဂျနီဗွိုက်ဘဏ္ဍာရေးလုပ်ငန်းတွင် ဒူးနန့်၏မိသားစု၊ ဒူးနန့်၏ မိတ်ဆွေများသည် ရင်းနှီးမြုပ်နှံမှုများ လုပ်ထားခြင်းကြောင့် လုပ်ငန်းပြိုလဲခြင်းမှာ သူတို့ကို ဆိုးရွားစွာ ထိခိုက်စေသည်။

လုပ်ငန်းဒေဝါလီခံရသဖြင့် ပူဆွေးသောကရောက်နေသော ဒူးနန့်

mgyoe.com